တဲယာကျေးရွာ

ကျောက္ကာကျေးရွာအုပ်စု

တောင်သာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တဲယာကျေးရွာ ၊ တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ

မာတိကာ


မာတိကာ ၂

၁. တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၇

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၄.ဈ။ ကျား – မ ရေးရာ ၁၀

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၁
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၆၄

၁. တောင်သာမြို့နယ်၊ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏သယံဇာတပြမြေပုံ



## ၂. တောင်သာမြို့နယ်၊ ကျောက်ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## ၃. တောင်သာမြို့နယ်၊ကျောက္ကာကျေးရွာအုပ်စု၊တဲယာကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၅။တဲယာကျေးရွာတွင် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| နာရေးသွားလမ်းအား ခင်းလိုခြင်း | ၁ |
| စက်ရေတွင်းတူးဖော်လိုခြင်း | ၂ |
| ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ပေးခြင်း၊ ဆေးပေးခန်းပရိဘောဂနှင့်ကုသမှုကိရိယာများ ထားရှိပေးရန်နှင့်ဆေးဝါး ပံ့ပိုးပေးရန် | ၃ |
| စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၄ |
| ရေတွင်းတူးဖော်ပြီး ပိုက်လိုင်းများဖြင့် အိမ်တိုင်ယာရောက်ပိုက်လိုင်းသွယ်၍ ရေမီတာစနစ်ဖြင့် ဖြန့်ဝေလိုခြင်း | ၅ |
| | |
| | |

## ၄. တောင်သာမြို့နယ်၊ကျော့က္ကာကျေးရွာအုပ်စု၊ တဲယာကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### ၄.က။ တည်နေရာနှင့် ပထဝီအနေအထား

တဲယာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊မြင်းခြံခရိုင်၊တောင်သာမြို့နယ်တွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး တောင်သာမြို့၏တောင်ဘက်(၁၄)မိုင်ခွဲခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် တောင်သာ–ကျောက်ပန်းတောင်းကားလမ်းရှိပါသည်။တဲယာကျေးရွာ၏ အကျယ်အဝန်းမှာ (၁၂)ကေခန့် ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာ တောင်သာမြို့ ဖြစ်ပါသည်။ တဲယာကျေးရွာနှင့်တောင်သာမြို့သို့ ဆက်သွယ်သောလမ်း၏(၁၂)မိုင်မှာ ကတ္တရာလမ်းဖြစ်၍ (၂)မိုင်ခန့်မှာမြေသားလမ်းဖြစ်ပြီး ရာသီမရွေး သွားလာနိုင်ပါသည်။ တဲယာကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ စိမ်းလန်းစိုပြေ၍ သာယာ လှပသောကျေးရွာတစ်ရွာ ဖြစ်သည်။

### ၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တဲယာကျေးရွာ၏ ရာသီဥတုအခြေအနေမှာသာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံး အပူချိန်မှာ၃၂°Cရှိတက်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများမှာ မိုးရွာသွန်းမှုအပေါ်မူတည်၍ စိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ကေ(၂၂၀)ကေ ရှိပြီး မြေပဲ၊ပြောင်းနှင့်နှမ်းကို အဓိကစိုက်ပျိုးကြသည်။

### ၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

တဲယာကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့ ရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင် လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာအပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊တာဝန်ခံမှု အပြည့် ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင် ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

တဲယာကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ၊ဝတ်ရွတ်အသင်းများအဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊လျှပ်စစ်မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်းလုပ်ငန်းများ အတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သောလမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊လူငယ်ပရဟိတအဖွဲ့၊အမျိုးသမီးပရဟိတအဖွဲ့၊ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲ ဦးဆောင်စေခြင်းစသော ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများအဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## ၄.ဃ။စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

တဲယာကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စုစုပေါင်း အိမ်ထောင်စု၏ ၃၆.၈၈%(၁၅၅အိမ်ထောင်စု)သည် လယ်ယာလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ပြီး အခြားစီးပွားရေးအဖြစ် မွေးမြူရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ၊ လက်သမား၊ ပန်းရံလုပ်ငန်းများ၊လက်လီလက်ကားရောင်းဝယ်ရေး၊ယာဉ်မောင်း၊ ပညာရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်သည့် အိမ်ထောင်စု(၀.၈၇%)စုနှင့် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၆၂.၂၅၅%)စုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေ ကောင်းစွာ ရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက် ပြန်ပြီး စိုက်ပျိုးရေ မမှန်ပါကသီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင် ရတက်ပါသည်။

လက်သမား၊ ပန်းရံနှင့်အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကြသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများအကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီးတောင်သူများသီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင် ရှားပါးမှုနှင့် ရင်ဆိုင်ရ တက်ပါသည်။

တဲယာကျေးရွာတွင် ဥစ္စာဓနအဆင့်ကိုအဆင့်(၄)ဆင့်ဖြင့် ခွဲခြားထားပါသည်။အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ ဆင်းရဲသောမိသားစုမှာကျေးရွာအိမ်ထောင်စု၏ (၃.၁၃%)ဖြင့် အနည်းဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး ချမ်းသာသော အိမ်ထောင်စု (၆၂)ဦးနှင့် အိမ်ထောင်စုပေါင်း၏ (၃၈.၇၅%)၊ အဆင်ပြေသော အိမ်ထောင်စု(၄၆)ဦးနှင့် အိမ်ထောင်စုပေါင်း၏ (၂၈.၇၅%) ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုနှင့် အဆင်ပြေသောအိမ်ထောင်စုပေါင်း သည် ၆၇.၅% ဖြစ်နေသောကြောင့် ကျေးရွာအိမ်ထောင်စုများသည် စီးပွားရေး အသင့်အတင့်သာ အဆင်ပြေနေသည် ကို လေ့လာတွေ့ရှိရပါ သည်။

## ၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

တဲယာကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊အခြေခံပညာအလယ် တန်းကျောင်းရှိပါသည်။တဲယာကျေးရွာ၏ သောက်သုံးရေစနစ်မှာ ကျေးရွာပိုင် အဝီစိ(၂)တွင်းနှင့် လက်ငင် ရေတွင်း (၉)တွင်း တို့မှ သုံးစွဲခြင်းဖြစ်ပါသည်။အဆင်ပြေသောအိမ်ထောင်စုများမှာ မိုးရေလှောင်ကန်များဖြင့်စုဆောင်း၍ သုံးစွဲ ကြပြီး မိုးရာသီနှင့်ဆောင်းရာသီများတွင် တစ်ရွာလုံးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် သောက်သုံးရေ လုံလောက်မှု မရှိပါ။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာအိမ်ထောင်စုအများစုမှာလျှပ်စစ်မီးအသုံးပြုနေပြီးဆိုလာမီးအသုံးပြုသူ အနည်းငယ်သာရှိပါသည်။ဆိုလာမီးအသုံးပြုသောအိမ်ထောင်စုမှာ(၆)စုဒီဇယ်အင်ဂျင်အသုံးပြုသောအိမ်ထောင်စု (၂၈) စုရှိကြောင်းတွေ့ရပါသည်။

သယ်ယူပို့ဆောင်ရေးယာဉ်များကိုဇယားတွင် ဖော်ပြထားပါသည်။ စက်ဘီး(၁၅)စီးနှင့် ကျောင်းသားများ ဆိုင်ကယ် (၁၁၃)စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင် အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ်(၂)စီး၊ ကား(၂)စီးရှိသည်။ လယ်တောထုတ်ကုန်များကို သယ်ယူရန်အတွက် နွားလှည်း(၁)စီးကို အသုံးပြုကြသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်း အချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသောအိမ်များ၏ ၅၄.၃၈%ခန့်မှာ တီဗွီ မှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

## ၄.စ။ ပညာရေး

တဲယာကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ကျောင်းသူများမှာလည်း အခြေခံပညာအဆင့်ထိ (၄၂)ဦးခန့်ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ ()ရှိသည်။ စာသင်ကျောင်းဆောင်၏ အရည်အသွေးမှာသင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။ ထို့ကြောင့် ထိုအခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် ကျေးရွာမှ သင်ထောက်ကူပစ္စည်းများ ထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာ၏ မူလတန်းပညာ ပြီးဆုံးသူမှာ (၅၂.၅၇%)ဖြစ်သောကြောင့် အများဆုံးရာနှုန်း ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စာတတ်မြောက်မှုနှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပညာပြီးဆုံးသူ (၅၂.၅၇%)၊ အလယ်တန်းပညာပြီးဆုံးသူ (၁၆.၄၈%)၊အထက်တန်းပညာပြီးဆုံးသူ (၁၇.၈၈%)၊တက္ကသိုလ်ပညာပြီးဆုံးသူ(၁၄.၄၆%)ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

### ၄.၁၀။ ကျန်းမာရေး

တဲယာကျေးရွာသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ခြင်းမရှိဘဲ ကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးသော ဝဲလောင်တိုက်နယ်ဆေးရုံးနှင့် (၁၅)မိုင်ခန့်ကွာဝေးသော တောင်သာဆေးရုံးသို့ သွားရောက်ကုသမှုခံယူရပါသည်။ အရေးပေါ်ကျန်းမာရေးကိစ္စများတွင် မြင်းခြံမြို့နှင့် မန္တလေးမြို့ဆေးရုံများသို့လည်း သွားရောက် ကုသမှု ခံယူကြရပါသည်။ ကျေးရွာတွင် ကိုယ်အားကိုယ်ကိုး ဆေးခန်းဆောက်လုပ်၍ ကျေးလက်ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ပေးရန်နှင့် ကျန်းမာရေးဆရာ/ဆရာမ(၁)ဦးခန့်ထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးရန် ကျေးရွာသူ/ကျေးရွာသားများမှလိုလားလျှက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် သောက်သုံးရေကို ကျေးရွာပိုင် အဝီစိ(၂)တွင်းနှင့်လက်ငင်ရေတွင်း(၉)တွင်းတို့မှ သုံးစွဲနေကြသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ မိုးရေလှောင်ကန်များဖြင့် စုဆောင်း၍ သုံးစွဲကြပြီး မိုးရာသီနှင့် ဆောင်းရာသီများတွင် လုံလောက်သော်လည်း နွေရာသီတွင် ခက်ခဲလျှက်ရှိပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၇၅.၆၃%)မှာ ယင်လုံအိမ်သာသုံးစွဲကြ၍ ယင်လုံအိမ်သာဆောက်လုပ် သုံးစွဲခြင်းမရှိသည့် အိမ်ထောင်စုမရှိသောကြောင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါများ ဖြစ်ပွားမှု နည်းပါးပါသည်။ မြို့နှင့်အလှမ်းမကွာဝေး၍ ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုရန် အသိပညာဗဟုသုတရရှိခြင်းကြောင့် ကျန်းမာရေးအသိပညာများ လက်လှမ်းမီကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၄.၁၁။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တဲယာကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံပုလင်းခွံဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင် အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနိုင်ခြင်း စသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

## ၄.၈။ ကျား-မရေးရာ

တဲယာကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများ အသိအမြင် နည်းပါးကြ၍ အမျိုးသမီးရေးရာ အကြမ်းဖက်မှုအတွက် ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်းများ၊အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ကျေးရွာ တွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့် သက်ဆိုင်သောကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

တဲယာကျေးရွာတွင် ကျား-မ မရွေး၊ လူကြီးလူငယ်မရွေးနှစ်စဉ်ဝါတွင်းကာလ၌ ဝါတွင်းကာလဥပုသ်နေ့များ၌ ပိဋကပတ်ဆွမ်းလောင်းခြင်း၊ကျေးရွာတွင်းသာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ တဲယာကျေးရွာ အမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသောအမျိုးသားများ၏ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀ိ/-)ကျပ် ဖြစ်ပြီး၊ လက်သမား၊ ပန်းရံစသောလက်မှုပညာဖြင့် လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတရက် လုပ်အားခမှာ (၅၀၀၀ိ/-) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသောအမျိုးသမီးများ၏ တစ်ရက်လုပ်အားခ ပျမ်းမျှမှာ (၃၀၀၀ိ/-) ကျပ်ရရှိကြသည်။ အခြားနိုင်ငံ့ဝန်ထမ်းများတွင် အမျိုးသားအမျိုးသမီး ရာထူးတူလစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။

## တဲယာကျေးရွာ၊ ကျောက္ကာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်နိုင် | ဦးကျော်တင် | ၉/တသန(နိုင်) ၁၁၄၆၀၉ | ၄၀ | ဥက္ကဌ | ၀၉-၇၈၆၄၄၀၄၀၈ |
| ၂ | ဦးသန်းကြိုင် | ဦးစောမောင် | ၉/တသန(နိုင်) ၀၈၆၀၃၉ | ၄၅ | အတွင်းရေးမှူး | ၀၉-၉၇၈၁၇၆၇၇၉ |
| ၃ | ဦးမြရှိန် | ဦးရန်ရှင်း | ၉/တသန(နိုင်) ၀၀၂၀၄၇ | ၆၂ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၇၂၃၁၇၆၈ |
| ၄ | ဦးအေး | ဦးဖိုးထိုက် | ၉/တသန(နိုင်) ၀၇၈၀၀၈ | ၆၉ | စာရင်းကိုင် | ၀၉-၇၇၇၀၈၉၃၃၈ |
| ၅ | ဦးမင်းသန်းဦး | ဦးညွန့်မောင် | ၉/တသန(နိုင်) | - | သော့ကိုင်(၁) | ၀၉-၉၆၂၅၄၈၆၈၄ |
| ၆ | ဦးဟံစိုး | ဦးထွန်းဝ | ၉/တသန(နိုင်) ၀၇၇၉၉၃ | ၆၆ | သော့ကိုင်(၂) | ၀၉-၄၃၀၄၅၁၂၃ |
| ၇ | ဒေါ်သန်းသန်းအေး | ဦးကျော်တင် | ၉/တသန(နိုင်)၀၅၇၀၃၉ | ၄၆ | အဖွဲ့ဝင် | ၀၉-၇၉၉၆၉၂၈၇၃ |
| ၈ | ဒေါ်ခိုင်ငြိမ်းအေး | ဦးဘိုငွေ | ၉/တသန(နိုင်) ၁၃၉၀၅၅ | ၃၅ | အဖွဲ့ဝင် | ၀၉-၄၄၃၃၀၆၆၁၅ |
| ၉ | ဒေါ်အေးမြအောင် | ဦးမောင်ကို | ၉/တသန(နိုင်) ၁၅၃၀၃၃ | ၃၀ | အဖွဲ့ဝင် | ၀၉-၄၀၂၇၄၀၆၉၅ |
| | | | | | | |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၃ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၁ | ၇ | ၁၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၂၀ | ၃၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၈ | ၃၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၉ | ၂၈၀ | ၄၈၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၅ | ၅၉ | ၁၁၄ |
| **စုစုပေါင်း** | | ၂၅၆ | ၃၈၇ | ၆၄၃ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၆၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။တဲယာကျေးရွာတွင် အိမ်ထောင်စု(၁၆၀)အိမ်ရှိ၍ လူဦးရေမှာ ကျား (၂၅၆)ဦးနှင့်မ(၃၈၇)ဦး စုစုပေါင်း(၆၄၃)ဦးရှိပါသည်။တစ်အိမ်လျှင်ပျှမ်းမျှလူဦးရေမှာ (၄.၀၂) ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်ယှဉ်လျှင် ဖွံ့ဖြိုးမှုနှေးကွေးပါသည်။ (၁)နှစ်အောက်နို့စို့ရွယ် ရာခိုင်နှုန်း(၀.၆၂%)၊ (၁)နှစ်မှ(၄)နှစ်အထိ (၅)နှစ်အောက်ကလေးငယ်ရာခိုင်နှုန်းမှာ (၂.၈၀%)၊ (၅)နှစ်မှ (၉)နှစ်အထိမူလတန်းကျောင်းသား အရွယ်ရာခိုင်နှုန်းမှာ(၅.၉၁%)၊ (၁၀)နှစ်မှ(၁၄)နှစ်အထိ အလယ်တန်းကျောင်းသားအရွယ် ရာခိုင်နှုန်းမှာ (၅.၄၄%)၊(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်ရာခိုင်နှုန်းမှာ(၇၆.၀၅%)နှင့် (၆၅)နှစ် အထက်သက်ကြီးရွယ်ကြီး ရာခိုင်နှုန်းမှာ (၁၇.၇၃%) ရှိပါသည်။(၁၅)နှစ်မှ(၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်ရာခိုင်နှုန်းမှာ (၇၆.၀၅%)ဖြစ်သဖြင့် တဲယာကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)	အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၉ | ၁၆၁ | | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၆ | ၄၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၉ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၂၆ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၉ | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / | ၅၇ | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကျပန်း / ရာသီအလိုက် အလုပ်သမား | | ၁၃၂ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**

။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု(၁၆၀)စုရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၃၆.၈၈%)စုရှိပြီး မွေးမြူရေး၊ ထုတ်ကုန်လုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ယာဉ်မောင်း၊ ပညာရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်သည့် အိမ်ထောင်စု (၀.၈၇%)စုနှင့် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၆၂.၂၅%)စုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ကျောက်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် အမျိုးသားများ၏ နေ့စားလုပ်အားခမှာ (၅၀၀၀ိ/-)နှင့်အမျိုးသမီးများ၏ လုပ်အားခမှာ(၃၀၀၀ိ/-) ဖြစ်ပါသည်။နေ့တွက်လုပ်အားခငွေများ မှာ အမျိုးသမီးများထက်အမျိုးသား များ၏လုပ်အားခမှာ ပိုမိုရရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၈၀ဧက | ကောင်း ☑ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၅၈၀ | ☒ | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု ၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် လယ်မြေများ၊ဥယျာဉ်ခြံမြေများ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းများကို ယာမြေတွင် လုပ်ကိုင် ဆောင်ရွက်ကြသည်။ စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ မြေပဲ၊ပဲတီစိမ်း၊ပဲစင်းငုံ၊ပြောင်း၊နှမ်းသီးနှံများကိုသာ အဓိကစိုက်ပျိုးကြသည်။ပင်လယ်ကမ်း၊မြစ်ကမ်းဘေးကျေးရွာမဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတောမြေများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☑ သင့်☐ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☑ သင့်☐ နည်း☐ မရှိ☐ | လွယ်☑ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများဖြစ်သည့် ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်များမရှိပဲ ကျောက်၊သဲ ၊ ကျောက်စရစ်များ ရရှိနိုင်ပြီးလမ်းခင်းခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ပါသည်။အလေ့ကျပေါက်ပင်များအနေဖြင့် တောရှောက်ပင်၊ကျီးအာပင်နှင့် ရှားစောင်းလတ်ပတ်ပင်များကို အနည်းငယ်တွေ့ရှိရပြီး သဘာဝ တိရစ္ဆာန်မျိုးစိတ်အနည်းငယ်ကိုလဲတွေ့ရှိရသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၀)ဧက | (၅)ဧက | ၂ဧက | – |
| အိမ်အခြေအနေ | (၁)ထပ်တိုက်၊နံကပ်၊ သွပ်မိုး၊ထရံကာ | သွပ်မိုး၊ထရံကာ | ထန်းရွက်မိုး/ ထန်းရွက်ကာ | ထန်းရွက်မိုး/ ထန်းရွက်ကာ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေ လည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ထွန် စက် ၊ ထွန်၊ထယ်၊ နွား၊ တီဗီ၊ ၊စလောင်း၊ဖုန်း | ဆိုင်ကယ်၊စက်ဘီး နွား၊ထွန်၊ထယ်၊ဝက် ဆိတ်၊တီဗီ၊ဖုန်း | စက်ဘီး | တူ၊သံလက်၊ တံစဉ် |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၆၂ | ၄၆ | ၄၇ | ၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၆၂)စု၊အလယ် အလတ်ရှိသောအိမ်ထောင်စု(၄၆)စု၊မပြေလည်သောအိမ်ထောင်စု(၄၇)စု၊အလွန်မပြေလည်သော အိမ်ထောင်စု(၅)စု ရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင် စုအရေအ တွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။..................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၃ | ၅ | ၈ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | ၁ | - | ၁ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၇ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် များသောအားဖြင့် မိသားစုပြီး ဝင်ငွေရအလုပ်လုပ်နိုင်သူနည်း၍ အလုပ်ပုံမှန်မရှိခြင်းနှင့် ကြုံရာ၊

ကျပန်းလုပ်ကိုင် စားသောက်ရသောကြောင့် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ထိုထိခိုက်လွယ်သောမိသားစုများသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက စားဝတ်နေရေးနှင့် ကျန်းမာရေးထိခိုက်မှုအများဆုံး ကြုံတွေ့နိုင်သော မိသားစုများဖြစ်ပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☑နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐ နိမ့်☑မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၇ | လျှင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် သဘာဝရင်းမြစ်များဖြစ်သော စိုက်ပျိုးမြေများရှိပြီး စိုက်ပျိုးရေမှာ လုံလောက်မှုမရှိပါ။ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် ပင်လယ်နှင့်မြစ်များ မရှိသဖြင့် ရေကြီးခြင်း၊ ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။မုန်တိုင်းတိုက်ခက်မှုမရှိဘဲတခြားဒေသများသို့မုန်တိုင်းတိုက်ခတ်ပါက မုန်တိုင်း၏ အရှိန်ကြောင့်မိုးရွာသွန်းခြင်း၊လေပြင်းတိုက်ခတ်ခြင်း များရှိပါသည်။ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့်☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☑ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☑ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☑နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊အမှားအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်း ဗီဇများကြောင့် ထိခိုက်လွယ်မှုမြင့်မား

သူများဖြစ်ပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည်လည်း ထိခိုက်လွယ်မှု အမြင့်ဆုံးဖြစ်သည်။လက်လုပ်လက်စားများ၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ သည်လည်း ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အနိုင်းမဲ့မေတ္တာ ပရဟိတ | ၁☐ ၂☑ ၃☐ | ၁၀ | ၁၅ | ၂၅ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၂ | အရံမီးသတ် | ၁☑ ၂☐ ၃☐ | ၅ | - | ၅ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၃ | ဝတ်ရွတ်အသင်း | ၁☐ ၂☑ ၃☐ | ၇ | ၄၀ | ၄၇ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၄ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | ကောင်း☐ သင့် ☐ ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ <u>တစ်ခုကို သာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာ<u>တစ် ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၅ | | ၁☐၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐ သင့် ☐ ညံ့ ☐ |
| ၆ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☑ သင့် ☐ ညံ့ ☐ |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐ သင့် ☐ ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။ အနိုင်းမဲ့မေတ္တာ ပရဟိတအဖွဲ့တွင် ကျား(၁၀)ဦး+မ(၁၅)ဦး ပေါင်း(၂၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ရပ်ရွာအတွင်း ဘာသာရေး ၊သာရေး/နာရေး/လူမှုဖွံ့ဖြိုးရေးများ ဆောင်ရွက်လျှက်ရှိသည်။ အရံမီးသတ်အဖွဲ့တွင် အဖွဲ့ဝင် ကျား(၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ရပ်ရွာအတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးများကို ဆောင်ရွက်လျှက်ရှိသည်။ဝတ်ရွတ်အသင်းတွင်လည်း အဖွဲ့ဝင် ကျား(၇)ဦး+မ(၄၀)ဦးဖြင့် ဖွဲ့စည်းထားပြီး ရပ်ရွာအတွင်း ဘာသာရေး ၊ သာရေး/နာရေး/လူမှုရေးလုပ်ငန်းများ ဆောင်ရွက်

လျှက်ရှိသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်) |
|---|---|---|---|
| ၁ | ပက်စ်မြန်မာ | ၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ

–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း(၁)ဖွဲ့ရှိပါသည်။အဖွဲ့အစည်းမှာ Pact Myanmarအဖွဲ့အစည်းဖြစ်ပြီး ၄င်းအဖွဲ့မှ ကျေးရွာသို့ ငွေကြေးချေးပေးသည့် အဖွဲ့ဖြစ်ပါသည်။ပုဂ္ဂိုလ်လိကငွေရေးကြေးရေး အဖွဲ့အစည်းများလာရောက် ဆောင်ရွက်ခြင်းမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၃၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေကြား | ၂၈ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ | ၄၂ | တောင်သူလတ် |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| | ကြား | | |
| ၅ | ၁၂.၅ ကေ အထက် | ၅၀ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၆၀ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စု(၁၆၀)စုတွင် (၅၇.၅%)နှုန်းသော အိမ်ထောင်စုများသာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ကျေးရာတွင် စိုက်ပျိုးမြေ(၅)ကေ အောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်မှာ(၁၇.၅%)ရှိပြီး (၅)ကေမှ(၁၂.၅)ကေကြား ပိုင်ဆိုင်သော တောင်သူအလတ်မှာ(၂၆.၂၅%)နှုန်းသာရှိပါသည်။(၃.၁၃%)နှုန်းသော အိမ်ထောင်စုများသည် မြေယာမဲ့၊ စိုက်ပျိုးမြေလုံးဝမရှိသဖြင့် လက်လုပ်လက်စား၊ ကျပန်းလုပ်ငန်းများကို လုပ်ကိုင်စားသောက်သော မိသားစုများ ဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☑<br>မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☑<br>မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☑<br>မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☑<br>မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၂ | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☐ | ရှိ☑ မရှိ☐<br>မဖြေဆိုပါ☐ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ☐ | |
| ၆ | လက်ငင် ရေတွင်း | ၆ | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☑ မရှိ☐<br>မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | – | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐<br>မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | – | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐ မရှိ☐<br>မဖြေဆိုပါ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် စိုက်ပျိုးရေအတွက် ဆည်၊ရေလွဲမြောင်း၊ ရေလွှဲဆည်၊ မြစ်ရေတင် စီမံကိန်း နှင့် စိမ့်စမ်းရေမရှိပါ။ အဝီစိတွင်းနှင့် လက်ငင်ရေတွင်း တို့အပေါ်မှီခို၍ စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| မြေပဲ | ၂၂၀ | တင်း | ၁၀ | ၃၀ | ၂၀ | ဇူလိုင် | နိုဝင်ဘာ | မြင့်☑လတ်☐နိမ့်☐ | မြင့်☑လတ်☐နိမ့်☐ |
| ပဲတီစိမ်း | - | တင်း | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| ပဲစင်းငုံ | - | တင်း | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| ပြောင်း | ၁၈၀ | တင်း | ၁ | ၅ | ၃ | ဇူလိုင် | နိုဝင်ဘာ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| နှမ်း | ၁၈၀ | တင်း | ၃ | ၁၀ | ၆.၅ | မေ | ဇူလိုင် | မြင့်☑လတ်☐နိမ့်☐ | မြင့်☑လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် ယာမြေများတွင် မြေပဲ၊ပြောင်း နှင့်နှမ်းသီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ပြောင်းကို နွားစာအတွက်သာ စိုက်ပျိုးသည်။ သီးနှံများ စိုက်ပျိုးရာတွင် အဝီစိတွင်းနှင့် လက်ငင်ရေတွင်း၊မိုးရေတို့အပေါ် မှီခိုအားထား၍ စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | - | - | ၃၀ |
| လက်တွန်းထွန်စက် | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | - | - | ၁၀ |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| **ရိတ်သိမ်းစက်** | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | ၄ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| **မြက်ရိတ်စက်** | - | - | - | - |

**ရင်းမြစ်...** (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တဲယာကျေးရွာတွင် ပုဂ္ဂလိကပိုင် ထွန်စက်(၁)စီးနှင့် ရိတ်သိမ်းခြွေလှေ့စက်(၁)စီးရှိပါသည်။ တောင်သူများမှာ ထွန်စက်ကို(၁)ဧက တစ်နာရီ (၂၀၀၀ဝိ/-) ဝန်းကျင်ဖြင့် ငှားရမ်းထွန်ယက်ကြရပါသည်။နွားရှည်းများကို တစ်မနက် (၈၀၀ဝိ/-)နှုန်း ဖြင့်လည်း ငှားရမ်းထွန်ယက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐** |
| လယ်ယာမြေ အသုံးချနိုင်မှု | **အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐** |
| စိုက်ပျိုးရေ အရင်းအမြစ် | **ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐** |
| ဈေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်☐ ရသည်☑မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐** |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| ဓါတုဗေဒ သွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူ ရနိုင်သည်☐**<br>**ရနိုင်သည်☑ မဖြေဆိုပါ ☐** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူ ရနိုင်သည်☐**<br>**ရနိုင်သည်☑ မဖြေဆိုပါ ☐** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑**<br>**သီးနှံများကို ရောင်းချနိုင်သည်☐မဖြေဆိုပါ ☐** |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် မြေပဲ၊ပြောင်းနှင့် နှမ်းများကို အဓိကထား စိုက်ပျိုးကြသည်။သီးနှံစိုက်ပျိုးရာတွင် သဘာဝရေမြေရာသီဥတုကို မှီခို၍ စိုက်ပျိုးကြပြီး တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ရသည်။သီးနှံစိုက်ပျိုးရန်အတွက် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၊Pact Myanmar ၊သမချေးငွေတို့မှ ရရှိပါသည်။ မျိုးကောင်း မျိုးသန့်သီးနှံများကို ဝယ်ယူရရှိနိုင်ပြီး လုပ်သားရရှိသော်လည်း ရှားပါးပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးဆေးကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။သီးနှံများကို လွယ်ကူစွာနှင့်ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑<br>မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑<br>လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐<br>မဖြေဆိုပါ ☑ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐<br>အသင့်အတင့်ကျ☐အနည်းငယ်☑<br>မဖြေဆိုပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ တောင်သူအများစုသည် သဘာဝရာသီဥတုကို မှီခို၍ စိုက်ပျိုး ကြပြီး တခါတရံမိုးရွာသွန်းမှု နည်းပါးမှုနှင့် ရင်ဆိုင်ရသည်။ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပအခြားသံယံဇာတများ မထွက်ရှိပါ။ ငွေတိုးချေး စားသူများရှိသော်လည်း အတိုးနှုန်းမြင့်မားသည်။ပက်စ်မြန်မာ၊သမချေးငွေတို့မှ ချေးငွေများ ရရှိသည်။ထိုပြင် စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ချေးငွေရရှိသော်လည်း ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲနှင့် ကြုံတွေ့ရသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေး နှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်များ မရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၂ | ၁၇၁ |
| **နို့စားနွား** | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ၂၀ |
| သိုး | | |
| ဝက် | ၆ | ၈ |
| ကြက် | | |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တဲယာကျေးရွာတွင် နွားကောင်ရေ(၁၇၁)ကောင်၊ဆိတ်ကောင်ရေ(၂၀)ကောင်၊ဝက်ကောင်ရေ(၈) ကောင် စုစုပေါင်း(၁၉၉)ကောင် မွေးမြူထားရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ပေါများ ☐ အသင့်အတင့်☑ မဖြေဆိုပါ ☐ |
| **ရေရရှိမှု** | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
